ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း မြန်မာနိုင်ငံသားများ
ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ ၏ ဆောင်ရွက်ရန်

အဆိုပြုချက် (၁)

ဦး ကြူ မိ သား စု သီး နှံ နှင့် ထုတ် လုပ် ရေး
ကုမ္ပဏီ လီမိတက်

▲▲▲▲▲▲▲▲▲▲▲▲▲▲

PROPOSAL OF THE INVESTOR TO MAKE MYANMAR CITIZENS INVESTMENT IN THE UNION OF MYANMAR

U KYU FAMILY GRAINS & MANUFACTURING COMPANY LIMITED

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၂၉) ရက်

အကြောင်းအရာ။ ။<u>မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ ပေးပို့ခြင်း။</u>

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်တော်တို့၏ **U Kyu Family Grains & Mfg. Co., Ltd.** သည်ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီသန့်ရှင်းလတ်ဆတ်သောကျုံ့မှုန့်များ ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ပြီး လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်လျှောက်ထား သောကုမ္ပဏီ ဖြစ်ပါသည်။

ထိုသို့ တင်ပြလျှောက်ထားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြ ခွင့်ပြုချက်ရယူနိုင်ရန်အတွက် ကျွန်တော်တို့ကုမ္ပဏီ၏ အဆိုပြုလွှာ (၂၂)စုံ ကိုပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦး တင် ဦး)
(ဒါရိုက် တာ)
U Kyu Family Grains & Mfg. Co., Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရက်စွဲ။ ။ ၁၉၉၉ ခုနှစ်၊ မေလ (၂၇) ရက်

အကြောင်းအရာ။ ။ <u>**မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ အဆို ပြုချက်များ ပေးပို့ ခြင်း။**</u>

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်တော်တို့၏ **U Kyu Family Grains & Mfg. Co., Ltd.** သည်ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီသန့်ရှင်းလတ်ဆတ်သောဂျုံမှုန့်များ ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ပြီး လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်လျှောက်ထား သော ကုမ္ပဏီ ဖြစ်ပါသည်။

အကြိုစိစစ်ရန် တင်ပြထားသော အဆိုပြုချက်မှ ပြန်လည်ပြင်ဆင်ညှိနှိုင်းရန်ရှိသော အချက်များကို ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ထားပြီးဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လိုအပ်သလိုဆက်လက်စီစဉ်ဆောင်ရွက်ရန်အတွက် ကျွန်တော်တို့၏ ကုမ္ပဏီ အဆိုပြုလွှာ (၂၅) စုံကို ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦး တင် ဦး)
(ဒါရိုက် တာ)
U Kyu Family Grains & Mfg. Co., Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။၁၉၉၉ ခုနှစ်၊ မတ်လ (၂၆) ရက်

အကြောင်းအရာ။ ။<u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ အကြိုစိစစ်ပေးနိုင် ရန် ပေးပို့ ခြင်း။</u>

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်တော် တို့၏ U Kyu Family Grains & Mfg. Co., Ltd. အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီသန့်ရှင်းလတ်ဆတ်သောဂျုံမှုန့်များ ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပြီး လုပ်ငန်း လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့် လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ကျွန်တော် တို့၏အဆိုပြုလွှာကို လိုအပ်သလို စိစစ်ပေးနိုင်ရန်အတွက် အဆိုပြုလွှာ (၆) စုံ ကို ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦး တင် ဦး)
(ဒါရိုက် တာ)
U Kyu Family Grains & Mfg. Co., Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။ ၁၉၉၉ ခုနှစ်၊ မတ်လ (၂၆) ရက်၊

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ကတိခံဝန်ချက် များပေးပို့ခြင်း။</u>

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ကျွန်တော်တို့၏ **U Kyu Family Grains & Mfg. Co., Ltd.** အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီသန့်ရှင်းလတ်ဆတ်သောဂျုံမှုန့်များ ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပြီး လုပ်ငန်း လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။
ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းတွင်နိုင်ငံခြားမှ မည်သူမှ ပိုင်ဆိုင်မှုမရှိကြောင်း နှင့်အောက်ပါအချက်များကို သိရှိလိုက်နာမည်ဖြစ်ပါကြောင်းဝန်ခံကတိပြုပါသည်။

၁။ ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်းပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ် ပွားစေရန်အတွက် လိုအပ်သောအစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ကြောင်းနှင့် မီးဘေးကြိုတင်ကာ ကွယ်မှုများပြုလုပ်၍ လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုပါသည်။

၂။ **U Kyu Family Grains & Mfg. Co., Ltd.** သည်လုပ်ငန်းအတွက် ပြည်ပမှစက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများနှင့် ကုန်ကြမ်းများကို ငွေလွှဲပို့စနစ် (Letter of Credit / Telegraph Transfer) ဖြင့် ဝယ်ယူတင်သွင်းမည်ဖြစ်ပါသည်။

၃။ **U Kyu Family Grains & Mfg. Co., Ltd.** သည်လုပ်ငန်းအတွက် ပြည်ပမှစက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများနှင့် ကုန်ကြမ်းများကို ငွေလွှဲပို့စနစ် (Letter of Credit / Telegraph Transfer) ဖြင့် ရယူဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ဝန်ခံကတိပြုပါသည်။

၄။ ထို့အပြင်နိုင်ငံတော်အစိုးရမှ မြေယာ နှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက် မည်ဟုဝန်ခံကတိ ပြုပါသည်။

၅။ ယခုအဆိုပြုတင်ပြသည့်လုပ်ငန်းသည် လုပ်ငန်းသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၆။ ထွက်ကုန်ပစ္စည်းများကို ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့်ထုတ်လုပ်ဖြန့်ချိ သွားမည်ဖြစ်ပါသည်။ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်နည်းဥပဒေများနှင့်အညီမှတ်ပုံတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ယခုတည်ဆောက်သည့်စက်အင်အားသည် အဆိုပြုလွှာတွင်ဖော်ပြပါရှိသောကုန်ကြမ်းအရေအတွက်ကိုအမှတ်တကယ်ကြိတ်ခွဲထုတ်လုပ်နိုင်ကြောင်းဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦး တင် ဦး)
(ဒါရိုက် တာ)
U Kyu Family Grains & Mfg. Co., Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။ ၁၉၉၉ ခုနှစ်၊ မတ်လ (၂၆) ရက်။

အကြောင်းအရာ။ **<u>။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိသည်နှင့်တပြိုင်နက်ကုမ္ပဏီကိုတရားဝင်ဖွဲ့စည်းတည်ထောင်ပြီး အမည်ပေါက်ပိုင်ဆိုင်သူမှ မြေတန်ဖိုးသင့်၍ထည့်ဝင်မည် ဖြစ်ကြောင်း ဝန်ခံဂတိပြုတင်ပြခြင်း။</u>**

၁။ အထက်ပါအကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကမကထပြုသူ ဦးတင်ဦး မှ U Kyu Family Grains & Mfg. Co., Ltd. ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်မှ ခွင့်ပြုမိန့်ရရှိသည်နှင့်တပြိုင်နက် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ တရားဝင်တည်ထောင်၍ မြေပိုင်မြေ အမည်ပေါက်သူဦးတင်ဦး နှင့် ဦးမျိုးဦး မှ ကုမ္ပဏီတွင် မြေတန်ဖိုး ၁၀ သန်းသင့်၍ ထည့်ဝင်ရန် သဘောတူညီပြီး ဖြစ်ပါသည်။

၂။ မြေပိုင်မြေ အမည်ပေါက်သူ ဦးတင်ဦးနှင့်ဦးမျိုးဦးမှ မိမိတို့ ဖွဲ့စည်းတည်ထောင်မည့် U Kyu Family Grains & Mfg. Co., Ltd. တွင်ပါဝင်သူအစုရှယ်ယာရှင်များမှာ မိသားစုဝင်များဖြစ်ကြသဖြင့် ကုမ္ပဏီတွင် ပါဝင်သည့် ဒါရိုက်တာများအားလုံးအနေနှင့်လည်း ဦးတင်ဦးနှင့်ဦးမျိုးဦးမှ မြေတန်ဖိုး သင့်၍ထည့်ဝင်ခြင်းကို ဒါရိုက်တာအဖွဲ့ဝင်အားလုံး သဘောတူညီပြီးဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင် မှ ခွင့်ပြုမိန့်ရရှိ ပြီးနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင် မှ ချမှတ်ပေးသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မပျက်မကွက် လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြအပ်ပါသည်။

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိပါက မြေအမည်ပေါက်သူ ဦးတင်ဦးနှင့်ဦးမျိုးဦးတို့၏အမည်မှ ကုမ္ပဏီ၏အမည်သို့ ပြောင်းလဲလွှဲပြောင်းထားသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့ပြန်လည် တင်ပြသွားပါမည်။

ဦးတင်ဦး / ဦးမျိုးဦး
မြေပိုင်မြေအမည်ပေါက်သူများ
(မိသားစုဝင်ဒါရိုက်တာများ)

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။ ၁၉၉၉ ခုနှစ်၊ မတ်လ (၂၆) ရက်။

အကြောင်းအရာ။ ။<u>ပြည်ထောင်စုမြန်မာနိုင်ငံတော်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံ သားများရင်းနှီးမြှုပ်နှံမှုပုဒ်မ ၁၂ နှင့် ၁၃ တို့အရအခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် များလျှောက်ထားခြင်း။</u>

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီး မြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ **U Kyu Family Grains & Mfg. Co., Ltd.** သည် မြန်မာပြည်သို့ နိုင်ငံခြားမှဂျုံမှုန့်များမှာယူတင်သွင်းနေရမှုအစား ပြည်တွင်းဂျုံစေ့များကိုအဓိကအသုံးပြု၍ ဂျုံအမှုန့်ကြိတ်ထုတ်လုပ်ရောင်းချခြင်းဖြင့် နိုင်ငံခြားသုံးငွေများကိုသက်သာစေနိုင်မည့်အပြင် မြန်မာနိုင်ငံသားများ အလုပ်အကိုင် ပိုမိုရရှိနိုင်မှု အခွင့်အလမ်းများကိုဖြစ်ပေါ်စေရန်ရည်ရွယ်၍ ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုန်(၂)၊ မြေကွက်အမှတ် ၂၆၊ ရှိ မြေအကျယ် (၁.၈၀၁) ဧက မှ (၁.၂၈၂) ဧကရှိမြေနေရာ ဗဟား(ကက) အမှတ်အသားပါနေရာတွင် နိုင်ငံတကာအဆင့်မီ သန့်ရှင်းလတ်ဆတ်သော ဂျုံမှုန့်များထုတ်လုပ်သည့် ခေတ်မီစက်ရုံတည်ဆောက်ပြီး လုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်လျက် ခေတ်မီနည်းပညာ၊ စက်ကိရိယာများ ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့် လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ထိုသို့ပြည်တွင်းထွက်ဂျုံစေ့ များကိုအသုံးပြုထုတ်လုပ်ရာတွင် ကုန်ကြမ်းမလုံလောက်မှုများဖြစ်လာပါက နိုင်ငံခြားမှအမျိုးအစားကောင်းဂျုံစေ့များကို မှာယူတင်သွင်း ထုတ်လုပ်သွားမည်ဖြစ်ပါသည်း

ကျွန်တော်တို့၏ ကုမ္ပဏီလီမိတက်သည် နိုင်ငံတကာအဆင့်မီ သန့်ရှင်းလတ်ဆတ်သော ဂျုံမှုန့်များထုတ်လုပ်ရန် အတွက်လိုအပ်မည့် ကမ္ဘာ့အဆင့်အတန်းမီစက်ကိရိယာများ ကို ပြည်ပမှ ဝယ်ယူပြီး အရင်းအနှီး အဖြစ်ထည့်ဝင်မည် ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၁၁.၃)သိန်းတန်ဖိုးရှိ စက်ကိရိယာပစ္စည်းများနှင့်ဂျုံစေ့များကို ဟောင်ကောင်ရှိ **LONG FOND CO., LTD.** မှ **(Letter of Credit / Telegraphic Transfer)** စနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ လိုအပ်သည့်နိုင်ငံခြားသုံးငွေကို ယခုဒါရိုက်တာများနှင့်ပင် ပါဝင်ဖွဲ့စည်းထားသည့် O.K Brothers Enterprises Ltd. ၏နိုင်ငံခြားရငွေများ နှင့် ယခုအဆိုပြုလွှာနှင့် အတူပူးတွဲတင်ပြသည့် အဆိုပြုလွှာ(၂) ပါအမျိုးမျိုးခွဲခြမ်းသန့်စင်စက်ရုံမှ ရရှိလာနိုင်ငံခြားရရှိငွေများဖြင့်သုံးစွဲဝယ်ယူသွားပါမည်။

ကျွန်တော်တို့၏ကုမ္ပဏီလီမိတက်အနေဖြင့် ယခုအဆိုပြုလုပ်ငန်းအတွက်ရင်းနှီးငွေ စုစုပေါင်း(၁၂၂)သန်း ကိုမြန်မာနိုင်ငံကျပ်ငွေ၊ စက်ပစ္စည်းများ အဆောက်အအုံ၊ မြေ၊ ကုန်ကြမ်းများဖြင့် ထည့်ဝင်ပြီး ရင်းနှီး မြှုပ်နှံကြမည်ဖြစ်ပါသည်။ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ ၍ရရှိလာသော အမြတ်ငွေများကိုလည်း မြန်မာနိုင်ငံတော်အတွင်းအခြားခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံ သွားရန် ရည်ရွယ်ပါသည်။ ထုတ်လုပ်ရရှိသော ကမ္ဘာ့အဆင့်အတန်းမီ သန့်ရှင်းလတ်ဆတ်သော ဂျုံမှုန့်များကို နိုင်ငံခြားမှဂျုံမှုန့်များ မှာယူတင်သွင်းနေရသောပြည်တွင်းရှိလုပ်ငန်းရှင်များသို့သက်သာသောဈေးနှုန်းများဖြင့်ရောင်းချနိုင်မည်ဖြစ်၍နိုင်ငံခြားသုံးငွေကို များစွာချွေတာနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း ရသင့်ရထိုက်သောအခွန် ဘဏ္ဍာငွေများရရှိစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများ အတွက်အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက်လည်းကောင်း၊ စက်မှုနည်းပညာများတိုးပွား ရရှိစေရန် အတွက်လည်းကောင်း၊ နိုင်ငံသားများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း အလို့ငှာလည်းကောင်း၊ ကျွန်တော်တို့ **U Kyu Family Grains & Mfg. Co., Ltd.** ၏ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးပါရန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်များနှင့် သက်သာခွင့်များကို လည်းပေးပါရန် ရိုသေလေးစားစွာ ဖြင့်လျှောက်ထား အပ်ပါသည်။

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားစာရွက်စာတမ်းများကိုပူးတွဲတင်ပြအပ်ပါသည်။

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုပြုလုပ်ပါရန် ကမကထပြု သူ၏လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်၊

၂။ လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေး အထောက်အထားများ၊

၃။ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊ (မူ ကြမ်း)

၄။ ဘဏ္ဍာရေးအချက် အလက် များနှင့် ပတ် သက် ၍ တွက် ချက် မှုဇယားများ၊

ရိုသေလေးစားစွာဖြင့်

(ဦး တင် ဦး)
(ဒါ ရိုက် တာ)
U Kyu Family Grains & Mfg. Co., Ltd.

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

ပုံစံ (မနသ–၁)

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်
(ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၈)

သို့ .

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်၊
ရက်စွဲ၊ ။ ၂၆ - ၃ - ၉၉

ကျွန်တော်/ကျွန်မ သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလိုပါသဖြင့် ခွင့်ပြုပါရန် အောက်ပါအချက်အလက်များကိုဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံသူ၏ –

(က) အမည်	–	ဦးတင်ဦး
(ခ) အဘအမည်	–	ဦးမောင်ကြူ
(ဂ) နိုင်ငံသား အမျိုးသားမှတ်ပုံတင်အမှတ်	–	LMDW - 004305
(ဃ) နေရပ်လိပ်စာ	–	အမှတ်(၁၁)၊ အောင်ဘောဂလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
(င) လူမျိုး / ဘာသာ	–	တရုတ် ဗုဒ္ဓဘာသာ
(စ) အဖွဲ့အစည်းအမည်	–	U Kyu Family Grains & Mfg. Co., Ltd.
(ဆ) လုပ်ငန်းအမျိုးအစား	–	
(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ်	–	အမှတ် ၁၂၇၊ ၁၅ လမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

၂။ ဖက်စပ် ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏

(က) အမည်	–	
(ခ) အဘအမည်	–	
(ဂ) နိုင်ငံသား / အမျိုးသားမှတ်ပုံတင်အမှတ်	–	
(ဃ) နေရပ်လိပ်စာ	–	
(င) လူမျိုး / ဘာသာ	–	
(စ) အဖွဲ့အစည်းအမည်	–	
(ဆ) လုပ်ငန်းအမျိုးအစား	–	
(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ်	–	

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား

(က) ကုန်ထုတ်လုပ်မှု လုပ်ငန်း	–	နိုင်ငံတကာအဆင့်မီ သန့်ရှင်းလတ်ဆတ်သော ဂျုံမှုန့်ထုတ်လုပ်ခြင်း လုပ်ငန်း
(ခ) ဝန်ဆောင်မှုလုပ်ငန်း	–	

၄။ လုပ်ကိုင်မည့်စီးပွားရေးပုံစံ –

(က) နိုင်ငံသားနှင့်နိုင်ငံသားတို့က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း	–	
(ခ) အဖွဲ့အစည်းနှင့်နိုင်ငံသားတို့က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း	–	
(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့ က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း	–	

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ်ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်း ပုံသဏ္ဍာန် –

(က) တစ်ဦးတည်းပိုင် –

(ခ) အစုစပ်လုပ်ငန်း –

(ဂ) လီမိတက် ကုမ္ပဏီ – **U Kyu Family Grains & Mfg. Co., Ltd.**

(ဃ) သမဝါယမအသင်း –

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက

(က) အစုဝင်တို့ကထည့်ဝင်မည့်အစုငွေ အမျိုးအစားနှင့်ပမာဏ –

(ခ) အကျိုးအမြတ်ခွဲဝေမည့်အမျိုးအစား –

(ဂ) အစုဝင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ –
(နေရာမလုံလောက်ကသီးခြားစာရွက်ဖြင့်ဖော်ပြရန်)

၇။ သမဝါယာမအသင်း/လီမိတက် ကုမ္ပဏီ ဖြစ်ပါက

(က) ခွင့်ပြုမတည်ငွေရင်း – ကျပ်၄၀၀,၀၀၀,၀၀၀/–(ကျပ်သန်းလေးရာတိတိ)

(ခ) အစုရှယ်ယာအမျိုးအစား – တစ်စုလျှင် ကျပ်၁၀,၀၀၀/–(ကျပ်တစ်သောင်းတိတိ)
တန် သာမန်အစုရှယ်ယာ ၄၀,၀၀၀ (လေးသောင်း)

(ဂ) အစုရှယ်ယာရှင်များထည့်ဝင်မည့် အစုရှယ်ယာ ပမာဏ – ကျပ် ၁၂၂,၀၀၀,၀၀၀/–(ကျပ်သန်းတစ်ရာနှစ်ဆယ့်နှစ်တိတိ)
တစ်စုလျှင် ကျပ်၁၀,၀၀၀/– တန် အစုရှယ်ယာ
(၁၂၂၀၀)သာမန်အစုရှယ်ယာ

၈။ ရင်းနှီးမြှုပ်နှံမှုပြု လုပ်သည့်အဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ–

(က) မတည်ငွေရင်းပမာဏ (ယခုအဆိုပြုလုပ်ငန်းအတွက်)

		ကျပ်
(၁)	ငွေပမာဏ	၂၃,၀၂၀,၀၀၀
(၂)	ကုန်ကြမ်းပစ္စည်းများ (ပြည်တွင်း)	၅၄,၄၀၀,၀၀၀
(၃)	အဆောက်အဦး (နောက်ဆက်တွဲဇယား–၂)	၂၆,၀၀၀,၀၀၀
(၄)	မြေ	၁၀,၀၀၀,၀၀၀
(၅)	စက်ပစ္စည်းကိရိယာများ (နောက်ဆက်တွဲဇယား – ၃)	၆,၇၈၀,၀၀၀
(၆)	ကုန်ကြမ်းပစ္စည်းများ(ပြည်ပ) (နောက်ဆက်တွဲဇယား – ၄က)	၁,၈၀၀,၀၀၀
	စုစုပေါင်းထည့်ဝင်ရင်းနှီးငွေ	၁၂၂,၀၀၀,၀၀၀

စက်ပစ္စည်းကိရိယာများနှင့်ကုန်ကြမ်းပစ္စည်းများ ကို U Kyu Family Grains & Mfg. Co., Ltdသည် ဟောင်ကောင်ရှိ **LONG FOND CO., LIMITED** မှ ငွေလွှဲပို ခြင်းစနစ် (Letter of Credit / Telegraphic Transfer) ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

(ခ) နိုင်ငံခြားမှတင်သွင်းရန်လိုအပ်သည့်

		ကျပ်	အမေရိကန်ဒေါ်လာ
(၁)	စက်ပစ္စည်းများ၊စက်ကိရိယာများ၏တန်ဖိုး	၆,၇၈၀,၀၀၀	၁,၁၃၀,၀၀၀
(၂)	ကုန်ကြမ်းပစ္စည်းများ	၁,၈၀၀,၀၀၀	၃၀၀,၀၀၀
(၃)	ကျွမ်းကျင်မှုနည်းပညာရပ်များ၏တန်ဖိုးပမာဏ		
		၈,၅၈၀,၀၀၀	၁,၄၃၀,၀၀၀

(ဂ) တည်ဆောက်မှုကာလ — (၁၁) လ

(ဃ) ပဏာမစူးစမ်းလေ့လာမှု ပြုလုပ်မည့်ကာလ — (၁) လ

(င) တည်ဆောက်မှု စတင်မည့်အချိန် — မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြုမိန့် ရရှိသည့်နေ့မှ စတင်ဆောင်ရွက်သွားမည်။

၉။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ–

(က) လုပ်ငန်းအမျိုးအစား – နိုင်ငံတကာအဆင့်မီ သန့်ရှင်းလတ်ဆတ်သော ဂျုံမှုန့်ထုတ်လုပ်ခြင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ဒေသများ – မြေကွက်အမှတ် ၂၆၊ လှိုင်သာယာစက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) ဆောင်ရွက်မည့်ပုံ နည်းစနစ် – ခေတ်မီ ထုတ်လုပ်မှုစံနစ်

(ဃ) နှစ်စဉ်စက်သုံးဆီလိုအပ်ချက် –

၁။ ဒီဇယ်ဆီ	–	ဂါလန် (၁၅၀၀၀)
၂။ ဓါတ်ဆီ	–	ဂါလန် (၄၀၀၀)
၃။ စက်ဆီ၊ချောဆီ	–	ဂါလန် (၅၀၀)

(င) နှစ်စဉ် လျှပ်စစ်ဓါတ်အားလိုအပ်ချက် –

၁။ လျှပ်စစ်ဓါတ်အား	–	၁၅၀ ကီလိုဝပ်
၂။ ဒီဇယ်ဆီ အင်ဂျင်စက်အင်အား	–	(၁၅၀)
၃။ ဘွိုင်လာအသုံးပြုအင်ဂျင်စက်အား	–	၁၅၀ ကီလိုဝပ်
၄။ သဘာဝဓါတ်ငွေ့သုံးစက်အား	–	
၅။ ပေးပို့သည့်အခြားအား (ရေအား / လေအားစသည်များ)	–	

(စ) နှစ်စဉ် ရေလိုအပ်ချက် –

၁။ တစ်နေ့ ရေလိုအပ်ချက်	–	ဂါလန် (၁၅၀၀)
၂။ တစ်နှစ် ရေလိုအပ်ချက်	–	ဂါလန် (၄၅၀၀၀၀)

(ဆ) နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း/ကုန်ကြမ်းလိုအပ်ချက် – နောက်ဆက်တွဲ ဇယား – ၄

(ဇ) အဆောက်အဦးလိုအပ်ချက် – (၁၂၀'×၄၀') အဆောက်အဦး (၁)လုံး

(ဈ) မြေနေရာအမျိုးအစားနှင့်အကျယ်အဝန်းလိုအပ်ချက် – ပုဂ္ဂလိကပိုင်စက်မှုမြေ (၁.၂၉၂) ဧက

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း / ဝန်ဆောင်မှု – နောက်ဆက်တွဲဇယား – ၅

(ဋ) ရောင်းချမည့်နည်းစနစ် –

ပြည်တွင်းကျပ်ငွေဖြင့်ရောင်းချခြင်း – ၁၀၀%

၁၀။ နှစ်စဉ်ထုတ်လုပ်မှု / ဝန်ဆောင်မှုနှင့်စပ်လျဉ်းသောအချက်အလက်များ–

		ခန့်မှန်းခြေ	
		ကျပ်ငွေ	နိုင်ငံခြားငွေ
(က)	လုပ်ငန်းလည်ပတ်ရန် လိုအပ်မည့်ကျပ်ငွေ	နောက်ဆက်တွဲ ဇယား – ၆	
(ခ)	လိုအပ်မည့် နိုင်ငံခြားသုံးငွေ	နောက်ဆက်တွဲ ဇယား – ၈	
(ဂ)	ရရှိမည့် နိုင်ငံခြားသုံးငွေပမာဏ	နောက်ဆက်တွဲ ဇယား – ၅	
(ဃ)	ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှုတန်ဖိုး	နောက်ဆက်တွဲ ဇယား – ၅	
(င)	နှစ်စဉ်ပြည်တွင်း၌ ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှုတန်ဖိုး	နောက်ဆက်တွဲ ဇယား – ၅	

၁၁။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတွင် လိုအပ်မည့် အမှုထမ်းစာရင်း –

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ — နောက်ဆက်တွဲ ဇယား – ၇

(ခ) နိုင်ငံခြားမှ လိုအပ်သည့် ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ

၁၂။ စီးပွားရေး တွက်ချေကိုက်မှုနှင့်စပ်လျဉ်းသော အချက်အလက်များ

		ခန့်မှန်းခြေ	
		ကျပ်ငွေ	နိုင်ငံခြားငွေ
(က)	နှစ်စဉ်ဝင်ငွေရရှိမှု	နောက်ဆက်တွဲ ဇယား – ၈	
(ခ)	နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	နောက်ဆက်တွဲ ဇယား – ၈	
(ဂ)	နှစ်စဉ်အသားတင်အမြတ်	နောက်ဆက်တွဲ ဇယား – ၈	
(ဃ)	နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု	နောက်ဆက်တွဲ ဇယား – ၉	
(င)	အရင်းကြေကာလ	နောက်ဆက်တွဲ ဇယား – ၁၀	
(စ)	အခြားအကျိုးအမြတ်များ	နောက်ဆက်တွဲ ဇယား – ၁၁	
(ဆ)	အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့် အခြေအနေ	နောက်ဆက်တွဲ ဇယား – ၇	

၁၃။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့်စပ်လျဉ်းသည့် အထောက်အထားများ–

အဆိုပြုတင်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင် ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်မူကြမ်း

(ခ) လုပ်ငန်းပိုင်းနှင့် ငွေကြေးရေးဆိုင်ရာ အထောက်အထားများ

(ဂ) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (မူကြမ်း)

(ဃ) လက်ရှိ ဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့်အခြေအနေ အထောက်အထားများ။

လက်မှတ် ။ ။

အမည် ။ ။ ဦးတင်ဦး

ရာထူး ။ ။ ဒါရိုက်တာ

U Kyu Family Grains & Mfg. Co., Ltd.

LIST OF EXECUTIVES OF U KYU FAMILY GRAINS & MFG. CO., LTD.

Exhibit No. (1)

Sr. No.	Name	Citizenship & N.R.C No.	Designation	Address	Amount of Capital	%
	U Kyu Family Grains &	**Mfg. Company**	**Limited**	ကို ကိုယ်စားပြု သူ များ	(၁၂၂)သန်း	၁၀၀%
၁။	ဦးမောင်ကြူ	CA - 026044	ဒါရိုက်တာ	အမှတ် ၁၂၇၊ ၁၅ လမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။		
၂။	ဦးတင်ဦး	LMDW - 004305	ဒါရိုက်တာ	အမှတ် ၁၁၊ အောင်ဘောဂလမ်း ဖော့ကန်ရပ်ကွက် အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။		
၃။	ဦးဌေးဦး	LMDW - 001494	ဒါရိုက်တာ	အမှတ် ၁၂၇၊ ၁၅ လမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။		
၄။	ဦးမျိုးဦး	LMDW - 001793	ဒါရိုက်တာ	အမှတ် ၇၊ ၁၄ လမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။		
၅။	ဦးထွန်းဦး	PTI - 042129	ဒါရိုက်တာ	အမှတ် ၁၇/၁၉၊ လှည်းတန်း လမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။		

VALUE OF FACTORY BUILDINGS

Exhibit No. II

Sr. No.	Description	Dimension	No. of Building	Estimate Cost (Kyats)
(A)	ဆောက်လုပ်ရမည့်အဆောက်အအုံများ			
1	ပင်မ စက် ရုံ	120' x 40'	(1) No.	26,000,000
			TOTAL	26,000,000

မှတ်ချက်။ ။ အဆောက်အဦး၏ တန်ဖိုး တွင် ဆောက်လုပ်ရေးပစ္စည်းများ၏တန်ဖိုး ပါဝင်ပါသည်။

U KYU FAMILY GRAINS & MANUFACTURING COMPANY LIMITED.

LIST OF MACHINERY AND EQUIPMENT

To be Imported by Letter of Credit / Telegraphic Transfer

Exhibit No. III

SR. NO.	PARTICULARS	A/U	QTY	RATE IN US$	AMOUNT IN US$
1	INTAKE AND CLEANING MACHINES	Set	1	95000	95,000
2	MILLING SECTION MACHINES	Set	1	600000	600,000
3	FLOUR SILO MACHINES	Set	1	25000	25,000
4	ELECTRICAL CONTROL SYSTEM MACHINES	Set	1	55000	55,000
5	SUPERVISION OF ERECTION AND START-UP	Set	1	64600	64,600
6	ACCESSORIES *	Set	1	27000	27,000
7	Elevator and Screw Conveyor and Bin	Set	1	85500	85,500
8	Steel Column	Sq Ft	4800	3	14,400
9	Generator 500 KVA	Set	2	31000	62,000
10	Saloon	Nos	1	16000	16,000
11	Wagon Land Cruiser	Nos	1	18000	18,000
12	Truck 2 or 2.5 Tons	Nos	2	15000	30,000
13	Mini Bus	Nos	2	17000	34,000
14	Computer	Set	1	2000	2,000
15	Photo Copying Machine	Set	1	1500	1,500
				Total	1,130,000
				Grand Total in US$	1,130,000
				Equivalent in Kyats	6,780,000

Note: - (1) Exchange Rate 1 US$ = Kyats 6.00

မှတ်ချက်။ ။ စက်ပစ္စည်းများကို ယခင်ကဖွဲ့စည်းပြီးသည့် O . K Brothers Enterprises Limited ၏ နိုင်ငံခြားငွေများဖြင့် ဝယ်ယူတင်သွင်းသွားပါမည်။

* **Accessories**

1 Roll Lifting Device MDDV - 1300/500

2 Mechanical and Electrical Spare Parts များပါဝင်ပါသည်။

VALUE OF RAW MATERIALS

Exhibit No . (IV)

SR. NO.	Particulars	A/U	Year 1	Year 2	Year 3	Year 4	Year 5-10
1	**Purchase Qty**						
1	Wheat seed	Ton 000	60	64	68	72	76
2 A	**Local Purchase Qty 50 %**						
1	Wheat seed	Ton 000	30	32	34	36	38
B	**US$ Purchase Qty 50 %**						
1	Wheat seed	Ton 000	30	32	34	36	38
3 A	**Local Purchase Price**						
1	Wheat seed	Ks 000 / Ton	68	70	72	74	76
B	**US$ Purchase Price**						
1	Wheat seed	US$ / Ton	150	150	151	151	151
4 A	**Kyat Purchase Value**						
1	Wheat seed	Ks 000	2040000	2240000	2448000	2664000	2888000
	TOTAL Kyats	Ks 000	2040000	2240000	2448000	2664000	2888000
B	**US$ Purchase Value**						
1	Wheat seed	US$ 000	4500	4800	5134	5436	5738
	TOTAL US$	US$ 000	4500	4800	5134	5436	5738
	Equivalent in Kyats	Ks 000	27000	28800	30804	32616	34428
	GRAND TOTAL IN Kyats	Ks 000	2067000	2268800	2478804	2696616	2922428

Note : - (1) Exchange Rate 1 US$ = Kyats 6.00

မှတ်ချက်။ ။ ကုန်ကြမ်းဂျုံစေ့များကို ပြည်တွင်းမှဝယ်ယူရန်ခက်ခဲသည့်အခါ ပြည်ပမှ ဝယ်ယူတင်သွင်းသွားပါမည်။ လိုအပ်သည့်နိုင်ငံခြားသုံးငွေကို ယခုကုမ္ပဏီ၏အဆိုပြုလွှာ(၂) ပဲခွဲစက်မှရရှိသောနိုင်ငံခြားငွေများဖြင့် လည်းကောင်း၊ အိုကေဘရာဒါးသားကုမ္ပဏီမှရှိသောနိုင်ငံခြားငွေဖြင့်လည်းကောင်းဝယ်ယူပါမည်။

VALUE OF RAW MATERIALS

To be investment Exhibit No . IV (A)

SR. NO.	Particulars	A/U	Qty	Price	Amount
A	**Local Purchase**				
1	Wheat seed	Ton	800	Ks. 68000	54,400,000
					54,400,000
	Foreign Purchase				
1	Wheat seed	Ton	2000	US$ 150	300,000
				Total US$	300,000
				Equivalent in Kyat	1,800,000
			Total Kyats		56,200,000

GOODS TO BE PRODUCED

Exhibit No. (V)

Sr. No.	PARTICULARS	A/U	Year 1	Year 2	Year 3	Year 4	Year 5-10
1 A	PRODUCTIONS						
1	Wheat Flour	Ton 000	30	32	34	36	38
2	Wheat Arther	Ton 000	6	7	8	9	10
3	Wheat By-product	Ton 000	6	7	8	9	10
2 AA	LOCAL SALE QTY 100 %						
1	Wheat Flour	Ton 000	30	32	34	36	38
2	Wheat Arther	Ton 000	6	7	8	9	10
3	Wheat By-product	Ton 000	6	7	8	9	10
3 AA	LOCAL SALE PRICE						
1	Wheat Flour	Ks 000 / Ton	95	97	99	101	103
2	Wheat Arther	Ks 000 / Ton	60	61	62	63	64
3	Wheat By-product	Ks 000 / Ton	20	20	21	22	23
4 AA	LOCAL SALE AMOUNT						
1	Wheat Flour	Ks 000	2850000	3104000	3366000	3636000	3914000
2	Wheat Arther	Ks 000	360000	427000	496000	567000	640000
3	Wheat By-product	Ks 000	120000	140000	168000	198000	230000
	Total Income in Kyats	Ks 000	3330000	3671000	4030000	4401000	4784000
	Grand Total in Kyats	Ks 000	3330000	3671000	4030000	4401000	4784000

Note: (1) Exchange Rate 1 US$ = Kyats 6.00

AMOUNT OF WORKING CAPITAL REQUIREMENT & CASH FLOW STATEMENT

(Kyats in Thousand) Exhibit No. (VI)

Sr. No.		Particulars	Year 1	Year 2	Year 3	Year 4	Year 5	Year 6	Year 7	Year 8	Year 9	Year 10
1		2	3	4	5	6	7	8	9	10	11	12
1		**CASH IN FLOW**										
	1	Equity Capital - In Cash	23020									
	2	Equity Capital - In Buildings, Land, Raw Materials	90400									
	3	Equity Capital - In Machineries	8580									
	4	Profit (Loss) after Tax	8222	9422	30418	36139	46227	46227	46227	46227	46227	46227
	5	Depreciation	3278	3278	3278	3278	3278	3278	3278	3278	3278	3278
			133500	12700	33696	39417	49505	49505	49505	49505	49505	49505
2		**CASH OUT FLOW**										
	1	Raw Materials	54400									
	2	Building	26000									
	3	Land	10000									
	4	In Machineries	8580									
			98980	0	0	0	0	0	0	0	0	0
3		Net Cash Flow	34520	12700	33696	39417	49505	49505	49505	49505	49505	49505
4		Opening Balance		34520	47220	80916	120333	169838	219343	268848	318353	367858
5		Closing Balance	34520	47220	80916	120333	169838	219343	268848	318353	367858	417363

Note: (1) Exchange Rate 1 US$ = Kyat 6.00

LIST OF PERSONNEL REQUIREMENT

Exhibit No VII

Sr. No.	Description	No. of Requirement
A	**LOCAL PERSONNEL**	
1	General Manager	1
2	Administrative Manager	1
3	Financial Manager	1
4	Marketing Manager	2
5	Factory Manager	1
6	Office Staff	10
7	Engineer	4
8	Technician	5
9	Production Supervisor	10
10	Quality Control.	15
11	Skill Workers	20
12	Semi - skilled Workers	20
13	Un skilled Workers	20
14	Driver	6
15	Guard Man	4
		120
	TOTAL	120

PARTICULAR RELATING TO ECONOMIC JUSTIFICATION

PROFIT & LOST BUDGET IN THOUSAND (000)

Exhibit No. VIII

SR. NO.	PARTICULARS	YEAR 1			YEAR 2			YEAR 3			YEAR 4			YEAR 5 - 10		
		US$	KYAT	EQU-KS	US$	KYAT	EQU-KS	US$	KYAT	EQU-KS	US$	KYAT	EQU-KS	US$	KYAT	EQU-KS
1.	**SALE INCOMES**															
1	Kyat Sales		3330000	3330000		3671000	3671000		4030000	4030000		4401000	4401000		4784000	4784000
	Sub -- Total	0.00	3330000	3330000	0.00	3671000	3671000	0.00	4030000	4030000	0.00	4401000	4401000	0.00	4784000	4784000
2	**COST OF PRODUCTS**															
1	Raw Material in US$	4500.00		27000	4800		28800	5134		30804	5436		32616	5738		34428
2	Raw Material in Kyat		2040000	2040000		2240000	2240000		2448000	2448000		2664000	2664000		2888000	2888000
3	Production Overhead Cost		750000	750000		850000	850000		940000	940000		1020000	1020000		1110000	1110000
	Sub -- Total	4500.00	2790000	2817000	4800.00	3090000	3118800	5134	3388000	3418804	5436	3684000	3716616	5738	3998000	4032428
	Gross -- Profit	-4500	540000	513000	-4800.00	581000	552200	-5134	642000	611196	-5436	717000	684384	-5738	786000	751572
3	**EXPENDITURES**															
1	Salary & Wages		95500	95500		103500	103500		111500	111500		119500	119500		127500	127500
2	Electricity & Power		159000	159000		167000	167000		175000	175000		183000	183000		191000	191000
3	Selling Expenses		83000	83000		91000	91000		99000	99000		107000	107000		127000	127000
4	Administration Expenses		84000	84000		92000	92000		100000	100000		108000	108000		118000	118000
5	Other Expenditures		56000	56000		60000	60000		64000	64000		68000	68000		72000	72000
6	Transportation Exp		24000	24000		26000	26000		28000	28000		30000	30000		32000	32000
7	Depreciation		3278	3278		3278	3278		3278	3278		3278	3278		3278	3278
	Sub -- Total	0	504778	504778	0	542778	542778	0	580778	580778	0	618778	618778	0	670778	670778
	Net -- Profit	-4500.00	35222	8222	-4800.00	38222	9422	-5134	61222	30418	-5436	98222	65606	-5738	115222	80794
4	Income Tax											29467	29467		34567	34567
5	**TOTAL NET PROFIT**	-4500.00	35222	8222	-4800.00	38222	9422	-5134	61222	30418	-5436	68755	36139	-5738	80655	46227

Note (1) Exchange Rate 1 US$ = Kyat 6.00

(2) Income Tax is calculated at rate of 15 % for US$ Sale Income and 30% for Kyat Sale Income.

YEARLY INVESTMENTS / CAPITAL COST

(Kyat in Thousand) Exhibit No. (IX)

Sr. No.	Particulars	Equity	Foreign Purchase	Total
1	2	3	4	5
1	Investment Type			
A	**LOCAL CAPITAL**			
1	In Cash	23020		23020
2	Raw Material	54400	1800	56200
3	In Land	10000		10000
4	In Building	26000		26000
5	In Machineries		6780	6780
	Total Capital	113420	8580	122000

Note : Foreign Purchase 8580,000 Kyats is Equivalent in US$ 1430,000 for the value of Machineries, and raw materials to purchase by own foreign money which received by Exported System.

RECOUPMENT PERIOD

(Kyats in Thousand 000)

Exhibit No. (X)

SR. NO.	PARTICULARS		Year 1	Year 2	Year 3	Year 4	Year 5	Year 6	Year 7	Year 8	Year 9	Year 10
1	2	3	4	5	6	7	8	9	10	11	12	13
A	**CASH IN FLOW**											
1	Profit (Loss) after Tax		8222	9422	30418	36139	46227	46227	46227	46227	46227	46227
2	Depreciation		3278	3278	3278	3278	3278	3278	3278	3278	3278	3278
			11500	12700	33696	39417	49505	49505	49505	49505	49505	49505
B	**CASH OUT FLOW**											
1	Cash in Kyat	23020										
2	In Buildings	26000										
3	Raw Materials	54400										
4	In Machineries and Raw Materials	8580										
5	Land	10000										
		122000	0	0	0	0	0	0	0	0	0	0
C	Net Cash Flow	-122000	11500	12700	33696	39417	49505	49505	49505	49505	49505	49505
D	Opening Balance		-122000	-110500	-97800	-64104	-24687	24818	74323	123828	173333	222838
		-122000	-110500	-97800	-64104	-24687	24818	74323	123828	173333	222838	272343

Note: (1) Pay Back (or) Recoupment period is 4 years and 6 months.

	Kyats	Periods
Year 1 to 4	24687	4 Years
Year 5(24687/49505)*12months	24687	6 Months
	0	4 Years and 6 months

FOREIGN EXCHANGE SAVING & LOCAL KYAT SAVING

Exhibit No. XI

PARTICULARS	UNIT	YEAR 1	YEAR 2	YEAR 3	YEAR 4	YEAR 5-10
Income in US$	US$ 000	0.00	0.00	0.00	0.00	0.00
Equivalent in Kyats	KS 000	0	0	0	0	0
Local Sale in Kyats	KS 000	3330000	3671000	4030000	4401000	4784000
Total Income in Kyats	KS 000	3330000	3671000	4030000	4401000	4784000
Foreign Exchange Savings						
Earning in US$	US$ 000	0.00	0.00	0.00	0.00	0.00
Cost of Products in F.E	US$ 000	4500.00	4800	5134	5436	5738
Expenditure in F.E	US$ 000	0	0	0	0	0
Repayment for deferred Purchase	US$ 000	0	0	0	0	0
Total Expenditure in F.E	US$ 000	4500.00	4800	5134	5436	5738
F.E Net Saving	US$ 000	-4500	-4800	-5134	-5436	-5738
Local Kyats Savings						
Earning from Local Sales	KS 000	3330000	3671000	4030000	4401000	4784000
Total Income in Kyats	KS 000	3330000	3671000	4030000	4401000	4784000
Cost of Products in Kyats	KS 000	2790000	3090000	3388000	3684000	3998000
Expenditure in Kyats	KS 000	501500	539500	577500	615500	667500
Total Expenditure in Kyats	KS 000	3291500	3629500	3965500	4299500	4665500
Local Kyats Net Savings	KS 000	38500	41500	64500	101500	118500


Note: (1) Exchange Rate 1US$ = Kyats 6.00


INTERNAL RATE OF RETURN

(Kyat in thousand) Exhibit No. (XII)

YEAR	INVESTMENT (CASH OUT FLOW)	NET PROFIT	DEPRECIATION	TOTAL CASH IN FLOW	CASH FLOW	DCF DF 20 %	DCF	DCF DF 25 %	DCF
0	-122000.00				-122000		-122000		-122,000
1		8222	3278	11500	11500	0.833	9,580	0.800	9,200
2		9422	3278	12700	12700	0.694	8,814	0.640	8,128
3		30418	3278	33696	33696	0.579	19,510	0.512	17,252
4		36139	3278	39417	39417	0.482	18,999	0.410	16,161
5		46227	3278	49505	49505	0.402	19,901	0.328	16,238
6		46227	3278	49505	49505	0.335	16,584	0.262	12,970
7		46227	3278	49505	49505	0.279	13,812	0.210	10,396
8		46227	3278	49505	49505	0.233	11,535	0.168	8,317
9		46227	3278	49505	49505	0.194	9,604	0.134	6,634
10		46227	3278	49505	49505	0.162	8,020	0.107	5,297
							14358		-11407

Internal Rate of Return = 20 + 5 (14358 / 25765)
= 20 + 2.79
= 22.79 %


၇(၇)
နိုင်ငံသား စိစစ်ရေး ကတ်ပြား
အရပ်
၁၂/လမတ(နိုင်)
အမှတ်...
သွေးအုပ်စု
ထင်ရှားသည့်
ရက်စွဲ...
အမှတ်အသား...
အမည်...
ဖခင်၏အမည်...
မွေးသက္ကရာဇ်...
လူမျိုး
ကိုးကွယ်သည့်ဘာသာ...
ထုတ်ပေးသူ၏လက်မှတ်
အမည်
ရာထူး...


သက်သေခံကတ်ပြားအမှတ်
အလုပ်အကိုင်
နေရပ်လိပ်စာ
ထိုးမြဲလက်မှတ်
မှတ်ချက်။ (၁) ခရီးသွားသည့်အခါ တစ်ပါတည်း ယူဆောင်သွားရမည်။
(၂) ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ ပြည်သူ့ရဲစခန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးရုံး ထံသို့ သတင်းပေးပို့ရမည်။

OK BROTHERS ENTERPRISES LIMITED
OK兄弟企業有限公司
NO. 127, 15th STREET, LANMADAW TOWNSHIP, YANGON, MYANMAR. TEL : (0951) - 226008, 226031
TLX : 21201, 21236 (BM) ATTN : 2478, Tin Oo. FAX : 095-1-226047

DATE :

ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း

ကျင်းပသည့်နေ့	။ ၂၅-၃-၉၉
ကျင်းပသည့်အချိန်	။ နံနက် (၁၀:၃၀) နာရီ
ကျင်းပသည့်နေရာ	။ ကုမ္ပဏီ ရုံးခန်း

တက်ရောက်သူများ	ရာထူး	လက်မှတ်
၁။ ဦးတင်ဦး	အုပ်ချုပ်မှုဒါရိုက်တာ	
၂။ ဦးမောင်ကြူ	ဒါရိုက်တာ	
၃။ ဦးဌေးဦး	ဒါရိုက်တာ	
၄။ ဦးမျိုးဦး	ဒါရိုက်တာ	
၅။ ဦးသိန်းဦး	ဒါရိုက်တာ	
၆။ ဦးထွန်းဦး	ဒါရိုက်တာ	
၇။ ဒေါ်သန်းသန်းဌေး	ဒါရိုက်တာ	
၈။ ဒေါ်ကျင်နွဲ့	ဒါရိုက်တာ	
၉။ ဒေါ်မြင့်မြင့်အေး	ဒါရိုက်တာ	

အစည်းအဝေးဆုံးဖြတ်ချက်များ


- ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးတင်ဦးမှ အစည်းအဝေး၏သဘာပတိအဖြစ်ဆောင်ရွက်ပြီးယခုလုပ်ငန်းသစ်လုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာ(၂) စောင်ကိုတင်သွင်းရန်ရှိပြီး ယင်းလုပ်ငန်းများမှာ နိုင်ငံတကာအဆင့်မီ ဂျုံမှုန့်ကြိတ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပဲအမျိုးမျိုးအားခွဲခြမ်းသန့်စင်စက်တို့ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းနှစ်ခုမှာ လုပ်ငန်းမလည်ပတ်မီ လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် O.K Brothers Enterprises Ltd. ၏နိုင်ငံခြားငွေစာရင်းမှ ငွေများကို အသုံးပြု၍ စက်ကိရိယာများကို ဝယ်ယူမှုများအား ကန့်ကွက်ရန်ရှိ မရှိမေးမြန်း၍ သဘောထားတောင်းခံရာ ဒါရိုက်တာအားလုံးမှ ကန့်ကွက်ရန်မရှိ သဘောတူကြောင်းဆုံးဖြတ်ကြပါသည်။

- အထက်ကဆုံးဖြတ်ခဲ့သော အချက်အား ကန့်ကွက်ရန်မရှိကြောင်း လက်မှတ်ရေးထိုး၍ အစည်းအဝေးအား နံနက် ၁၁ : ၃၀ နာရီ တွင် ရပ်နားလိုက်ပါသည်။

မှတ်တမ်းတင်သူ

(ဦး တင် ဦး)
အုပ်ချုပ်မှုဒါရိုက်တာ
O . K Brothers Enterprises Ltd.

စက်ရုံတည်နေရာပြပုံ ။



ငွေ ချေး ငှား သဘောတူစာချုပ် (မူကြမ်း)

ဤငွေချေးငှားသဘောတူစာချုပ်ကို ၁၉၉၉ ခုနှစ် . . . . .လ . . . .ရက်နေ့တွင်အမှတ် ၁၂၇၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်ရုံး တည် ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံ၏ တည်ဆဲ ဥပဒေများ အရ ဖွဲ့စည်းထားသည့် ကုမ္ပဏီလီမိတက်တစ်ခုဖြစ်သော O.K Brothers Enterprises Ltd. ကိုကိုယ်စားပြုသူအဖြစ် ဒါရိုက်တာ ဦးမျိုးညီး LMDW - 001793 (နောင်တွင် `ငွေချေးငှားသူ ' ဟုခေါ်တွင်စေရမည်၊ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုထားသည့် လွှဲ အပ်ခြင်းခံရသူများ ပါဝင်သည်) က တစ်ဖက်နှင့်

အမှတ် ၁၂၇၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ တွင်မှတ်ပုံတင်ရုံး တည် ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံ၏ တည်ဆဲ ဥပဒေများ အရ ဖွဲ့စည်းထားသည့် ကုမ္ပဏီလီမိတက်တစ်ခုဖြစ်သော U Kyu Family Grains & Manufacturing Co., Ltd. ကိုကိုယ်စားပြုသူအဖြစ် ဒါရိုက်တာ ဦးတင်ဦး LMDW - 004305 (နောင်တွင် ' ငွေချေးယူသူ ' ဟုခေါ် တွင် စေရမည်၊ ယင်းစကားရပ်တွင် ၎င်း၏ ဆက်ခံသူများနှင့် ဥပဒေ အရ ခွင့် ပြုထားသည့် လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) မှ အခြားတစ်ဖက် တို့သည် အောက်ပါအတိုင်း ငွေချေးငှားသဘောတူ စာချုပ်ကို ချုပ်ဆို ကြသည်။

၁။ ရည်ရွယ်ချက်

ဤ ငွေချေးငှားစာချုပ်တွင် ` ငွေချေးယူသူ ` သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ သန့်ရှင်းလတ်ဆတ်သောဂျုံမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာ တွင်လိုအပ်သောစက်ပစ္စည်း ကိရိယာများနှင့် ကုန်ကြမ်း ပစ္စည်းများကို နိုင်ငံခြားမှဝယ်တင်သွင်းမှုပြုလုပ်ရာတွင် လိုအပ်သော နိုင်ငံခြားသုံးငွေကို O.K Brothers Enterprises Ltd. မှ ချေးယူရန်ဖြစ်ပါသည်။

ဤချေးယူမည့်နိုင်ငံခြားသုံးငွေ သည် ` ငွေချေးငှားသူ ` မှ လက်ဝယ်ရှိပြီး တရားဝင်ပိုင်ဆိုင်မှု ရှိကြောင်းတာဝန်ယူ အာမခံပါသည်။ သို့ဖြစ်၍ ငွေချေးငှားခြင်းနှင့်ပတ်သက်၍အောက်ပါသဘောတူညီမှုများကိုနှစ်ဦးနှစ်ဖက်ပြု လုပ်ကြပါသည်။

၂။ ချေးငှားမည်ပမာဏ

၂-၁ ` ငွေချေးငှားသူ ` သည် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားမှဝယ်ယူရာတွင် အသုံးပြုရန်အတွက် ငွေချေးငှားသူပိုင် နိုင်ငံခြားငွေ ၁၄၃၀၀၀၀ ဒေါ်လာအား အတိုးမဲ့ချေးငှားရန်ဖြစ်ပါသည်။

၃။ ငွေချေးယူသူများ၏ တာဝန်များ

၃-၁ ငွေချေးယူသူ၏ ဆောင်ရွက်ပေးရန်တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ငွေချေးယူသူသည် ချေးယူထားသောငွေများအား သတ်မှတ်ကာလအတိုင်းပြန်လည်ပေးဆပ်ရမည်။

(ခ) ငွေချေးယူသူသည် ချေးယူထားသောငွေများအား တခြားသူသို့ထပ်ဆင့်ချေးငှားခြင်းမပြုလုပ်ရ၊

(ဂ) ငွေချေးယူသူသည် ချေးယူထားသောငွေများဖြင့် လုပ်ငန်းများဆောင်ရွက်အကောင်အထည်ဖော်ရာ၌ ပြည်ထောင်စုမြန်မာ နိုင်ငံ၏ တရားဝင် တည်ဆဲ ဥပဒေများနှင့်အညီ ကိုက်ညီမှုရှိအောင်ဆောင်ရွက်ရမည်။

၄။ ငွေချေးငှားသူများ၏ တာဝန်များ

၄-၁ ငွေချေးငှားသူများ ၏ ဆောင်ရွက်ပေးရန်တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ငွေချေးငှားသူအနေဖြင့် ငွေချေးငှားရာတွင်ယခုသတ်မှတ်ပြီးသည့်စည်းမျဉ်းများအပြင်နောက်ထပ်ပြင်ဆင်၍မသတ်မှတ်ရ၊

(ခ) ငွေချေးငှားသူသည် ချေးငှားငွေများနှင့်ပတ်သက်၍ အခွန်အခများကိုပေးဆောင်ရမည်။

၅။ ပြန်လည်ပေးအပ်ခြင်း

၅-၁ ငွေချေးယူသူသည် ချေးယူထားငွေများအား (၂) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်။

၆။ ငွေချေးငှားခြင်း၏ သက်တမ်း

၆-၁ ဤငွေချေးငှားသဘောတူစာချုပ်အရ ငွေချေးငှားခြင်း၏သက်တမ်းမှာ စတင်ချေးငှား သည့်နေ့မှစ၍ ကနဦးအနေဖြင့် (၂)နှစ်ဖြစ်ပြီး ထိုသက်တမ်းကုန်ဆုံးပါက တစ်ကြိမ်လျှင်(၁)နှစ်စီဖြင့် (၂)ကြိမ်အထိတိုးမြှင့်ငှားရမ်းနိုင်ရေးအတွက် ငွေချေးငှားသူနှင့် ငွေချေးယူသူတို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏သဘောတူညီချက်ဖြင့်ဆောင်ရွက်ရမည်ဖြစ်သည်။

၇။ သဘောတူစာချုပ် စတင်အကျိုးသက်ရောက်သောနေ့

ရ-၁ ဤသဘောတူစာချုပ်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ရရှိပြီး ငွေချေးငှားသူနှင့် ငွေချေးယူသူ နှစ်ဦးနှစ်ဖက် ငွေချေးငှားသဘောတူစာချုပ် ကို လက်မှတ်ရေးထိုး သဘောတူညီသည့်နေ့မှ စတင်၍အကျိုးသက်ရောက်မှု ရှိစေရမည်ဖြစ်သည်။

၈။ စာချုပ် ရပ်စဲခြင်း

၈-၁ ဤသဘောတူစာချုပ်ကို အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါကရပ်စဲခြင်းပြုလုပ်နိုင်သည်။

(က) လုပ်ငန်းတွင် ကြီးမားစွာဆက်တိုက်အရှုံးပေါ်ပေါက်နေခြင်း။

(ခ) ငွေချေးငှားသဘောတူစာချုပ်ဝင် တစ်ဖက်ဖက်မှစာချုပ်ပါတာဝန်များဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

(ဂ) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းမပြုလုပ်နိုင်သော မလွှဲမရှောင်နိုင်သည့်ဖြစ်ရပ်များ(၆)လ ထက်ပိုမိုဖြစ် ပေါ်လာခြင်း။

၉ အနုညာတ စီရင်ဆုံးဖြတ်ခြင်း

၉-၁ အကယ်၍ ဤမြေငှားသဘောတူစာချုပ်ပါအချက်အလက်များနှင့်ပတ်သက်ပြီးအကောင်အထည် ဖော်ဆောင်ရွက်ရာ တွင်ဖြစ်စေ၊ အဓိပ္ပာယ်လွဲမှားမှုကြောင့်ဖြစ်စေ အငြင်းပွားမှုဖြစ်ပေါ်လာပါက သဘောတူစာချုပ်တွင် လက်မှတ်ရေး ထိုးထားသည့် နှစ်ဦးနှစ်ဖက်စလုံးမှ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အငြင်းပွားမှုများကို ပြေလည်ငြိမ်းအေးစေနိုင်သည်။ နှစ်ဦး နှစ်ဖက် အကျေအလည်ညှိနှိုင်းဆွေးနွေး၍ မရရှိခဲ့ပါက မြန်မာနိုင်ငံအတွင်း၌ နှစ်ဦးနှစ်ဖက်အတွက် ခုံသမာဓိလူကြီးတစ်ဦး စီခန့်ထားပြီးညှိနှိုင်းဆွေးနွေးနိုင်ခွင့်ရှိသည်။နှစ်ဦးနှစ်ဖက်မှ တင်မြှောက်ထားသော ခုံသမာဓိ လူကြီး များ မှအငြင်းပွားမှုများကိုပြေလည်အောင်ဖြေရှင်းပေးနိုင်ခြင်းမရှိခဲ့ပါကအဆိုပါခုံသမာဓိလူ ကြီးများ သဘောတူသော ခုံသမာဓိလူကြီး၏အဆုံးအဖြတ် ကိုနှစ်ဖက်စလုံးမှ လက်ခံကြရမည်။ ၎င်းခုံသမာဓိလူကြီး၏ အဆုံးအဖြတ်မှာ အနုညာတ စီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ (၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၄) အရဖြစ်ရပါမည်။ ခုံသမာဓိအဖွဲ့၏ ဖြေရှင်းဆုံးဖြတ်ရန်နေရာမှာ ရန်ကုန်မြို့ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းတွင်သာဖြစ်ရပါမည်။ ခုံသမာဓိ ရုံး၏ ကုန်ကျစရိတ်များကို အမှုရှုံးသည့်ဘက်မှ ကျခံပေးဆောင်ရမည်။

၁၀ လွှမ်းမိုးသော ဥပဒေ

၁၀-၁ ဤသဘောတူစာချုပ်ကို မြန်မာနိုင်ငံ ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဤစာချုပ်ကို လွှမ်းမိုးသောဥပဒေသည် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများဖြစ်သည်။ ဤစာချုပ်ပါနှစ်ဦးနှစ်ဖက်စလုံးသည် စီရင်ပိုင်ခွင့်ရှိသောသက်ဆိုင်ရာတရားရုံးနှင့် အယူခံမှုများကို ကြားနာနိုင်သောတရားရုံးအားလုံး ၏စီရင်ပိုင်ခွင့်ကို လက်ခံကြပါသည်။

၁၁ ကြိုတင် စည်းကမ်းသတ်မှတ်ချက်များ

၁၁-၁ ဤသဘောတူစာချုပ်တွင်ပါဝင်သောလုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများ၏ ခွင့်ပြုသဘောတူညီချက်ရရှိပြီးမှသာလျှင် ဆောင်ရွက်နိုင်ခွင့်ရှိကြမည် ဖြစ်သည်။

၁၂ စာချုပ်အားဖြင့် ပြန်လည်ပြင်ဆင်စေ့စပ်ညှိနှိုင်းခြင်း

၁၂-၁ ဤသဘောတူစာချုပ်၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ခုခုပေါ်ပေါက်လာသည့်အပြင် စာချုပ်ပါအချက် အလက်များကို ဆက်လက် ဆောင်ရွက် ရန်မဖြစ်နိုင်သောအခါမျိုးတွင် နှစ်ဦးနှစ်ဖက်မှ စေ့စပ်ညှိနှိုင်းပြီး စာချုပ်ပါ အချက်များကိုလိုအပ်သလို ပြင်ဆင်ခွင့် ရှိစေရမည် ဖြစ်သည်။ဤကဲ့သို့ပြင်ဆင်ရာတွင် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မရှင်၏ သဘောတူညီအတည်ပြုချက်ရရှိပြီးမှသာလျှင် အတည် ဖြစ်မည် ဖြစ်သည်။

၁၃ ကိုယ်စားပြုခြင်းနှင့် အာမခံချက်

၁၃-၁ ဤငွေချေးငှားသဘောတူစာချုပ်ကို ပါဝင်ချုပ်ဆိုကြသူနှစ်ဦးနှစ်ဖက်တို့သည်ဤသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ရန် အတွက်သက်ဆိုင်သော ဥပဒေများနှင့်အညီ တရားဝင်ဖွဲ့စည်းတည်ထောင်ထားကြပြီးလျှင် ဥပဒေအရ လုပ်ပိုင်ခွင့် အခွင့်အာဏာနှင့် စီးပွားရေးအရ ခိုင်မာတောင့် တင်းမှုရှိသောသူများဖြစ်ကြောင်း အာမခံ သည်။

၁၄ ဘာသာစကား

၁၄-၁ ဤငွေချေးငှားသဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာ ဘာသာဖြင့် စာချုပ် သုံးစောင် ရေးသားပြီးလျှင်စာချုပ်နှစ်စုံကို နှစ်ဦးနှစ်ဖက်မှ တစ်စုံစီ ယူထားပြီးကျန်သော စာချုပ် တစ်စုံကို သက်ဆိုင်ရာ အာဏာ ပိုင်အဖွဲ့အစည်းထံသို့ပေးပို့၍စစ်ဆေးခြင်းနှင့်အတည်ပြုချက်များ ရယူရန် ပေးပို့ရမည်။

၁၅ အကြောင်းကြားစာ

၁၅-၁ ဤသဘောတူစာချုပ်နှင့် ပတ်သက်၍အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများအားအောက်ဖော်ပြပါလိပ်စာ များအတိုင်းမြန်မာ ဘာသာ ဖြင့် ရေးသားပြီးလျှင်စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ သို့မဟုတ် တဲလက်စ်ဖြင့် ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ နှစ်ဦးနှစ်ဖက် ဆက်သွယ်ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ပေပို့ရာတွင် သဘောတူစာချုပ် ချုပ်ဆိုစဉ်က လိပ်စာအတိုင်းသော်လည်းကောင်း၊ တစ်ဖက်မှအကြောင်းကြားလာသည့် အခြားလိပ်စာဖြင့်သော် လည်းကောင်း ဆက်သွယ်ပေးပို့ရမည်။

လိပ်စာများမှာ -

(က)	`ငွေ ချေးငှားသူ`	(၁)	အမည်	-	ဦး မျိုး ဦး
		(၂)	လိပ်စာ	-	အမှတ် ၁၂၇၊ ၁၅ လမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
		(၃)	ဖုန်းအမှတ်	-	
		(၄)	ဖက်စ်နံပါတ်	-	
		(၅)	တဲလက်စ်နံပါတ်	-	
(ခ)	`ငွေချေးယူသူ`	(၁)	အမည်	-	ဦး တင် ဦး
		(၂)	လိပ်စာ	-	အမှတ် ၁၂၇၊ ၁၅ လမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
		(၃)	ဖုန်းအမှတ်	-	
		(၄)	ဖက်စ်နံပါတ်	-	
		(၅)	တဲလက်စ်နံပါတ်	-	

၁၅-၂ ယခုကဲ့သို့စာချုပ်စာတမ်းများပေးပို့ဆက်သွယ်သည့်အခါတွင် ပေးပို့ခြင်းကို စတင်ပေးပို့သည့်နေ့မှ ၇ ရက်အတွင်းအတည်ဖြစ်သည်။ အကယ်၍တစ်ဖက်ဖက်မှ လိပ်စာအပြောင်းအလဲ ရှိပါက စာဖြင့်ရေးသားပြီး အကြောင်းကြားစာကို ပေးပို့ရမည်။

၁၆ အထွေထွေ

၁၆-၁ ဤငွေချေးငှားသဘောတူစာချုပ်တွင် ဖော်ပြပါရှိသော အချက်အလက်များသည်သင်းဖွဲ့စည်းမျဉ်းတွင် ပြဌာန်းထားသော အချက်အလက်များနှင့် အစိပ်ပွားယ်ကွဲလွဲခြင်း၊ ရှေ့နောက်မညီမညွတ်ဖြစ်နေခြင်းများဖြစ်ပေါ်လာပါက ဤငွေချေးငှားသဘော တူစာချုပ်တွင် ပြဌာန်းထားသော အချက်အလက် များကိုသာ အတည်ဖြစ်သည်ဟု မှတ်ယူစေရမည်ဖြစ်သည်။

ဤသဘောတူစာချုပ်ကို အထက်ဖော်ပြပါ ခုနှစ်၊လ နှင့် နေ့ရက်တွင် နှစ်ဦးနှစ်ဖက်မှ တရားဝင်ကိုယ်စားလှယ်များက တံဆိပ်ရိုက်နှိပ်ပြီး လက်မှတ်ရေးထိုးသဘောတူညီကြပါသည်။

ငွေချေးငှားသူ

O.K Brothers Enterprises Ltd ကိုယ်စား

ဦး မျိုး ဦး

ဒါရိုက်တာ

LMDW - 001793

လက်မှတ် ....

အမည် ....

လိပ်စာ ....

....

....

အသိသက်သေ

လက်မှတ် ....

အမည် ....

လိပ်စာ ....

....

....

ငွေချေးယူသူ

U Kyu Family Grains & Mfg. Co., Ltd ကိုယ်စား

ဦး တင် ဦး

ဒါရိုက်တာ

LMDW - 004305

လက်မှတ် ....

အမည် ....

လိပ်စာ ....

....

....

အသိသက်သေ


လက်မှတ် ....

အမည် ....


လိပ်စာ ....

....

....




FRONT ELEVATION



BACK ELEVATION

APPLICANT/OWNER		
PROJECT	PROPOSED ONE AND HALF STOREYED R.C BUILDING FOR WHEAT MILL	
	BLOCK NO.	
	LOT NO.	PHASE 2
	HLAING THA YAR	
SUBJECT	FRONT ELEVATION & BACK ELEVATION	
SCALE	1 IN : 8 F	SHEET NO. 1
DATE		
L.C		



SIDE ELEVATION

APPLICANT/OWNER

PROJECT: PROPOSED ONE & HALF STOREYED R.C. BUILDING FOR WHEAT MILL

BLOCK NO.	
LOT NO.	PHASE 2
HLAING THA YAR	

SUBJECT: SIDE ELEVATION

SCALE	1 IN: 8 F	SHEET NO.
DATE		2

L.C

SPECIAL ADHESIVE LABEL
FIFTY KYATS

မြေငှားစာချုပ်

စက်မှုလက်မှုလုပ်ငန်း

၁၉၉၆ ခုနှစ်၊ (မြေငှား) အမှတ်တွဲ အမှတ် လသ/ကု-ပ(ပ)-၁၆၆/၉၆ အရ ရိုက်ပေးသည်။
၂၂၊ ၂၊ ၉၆
22 FEB 1996

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နောင်တွင် "အငှားချထားသူ" ဟု ရည်ညွှန်းသည်။ "အငှားချထားသူ" ဆိုသည့် စကားရပ်တွင် မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အဆိုပါဌာနကို ဆက်ခံသူများ၊ အဆိုပါဌာနက လွှဲအပ်သူများလည်း ပါဝင်သည်။)

နှင့် ရန်ကုန် မြို့နေ၊ ဦး မောင်ငြိမ်း ၏၊ သား/သမီး ဖြစ်သော

ဦး ဘင်ဦး + ဦးမျိုးညွန့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် LMDW-၀၀၄၃၀၅ LMDW-၀၀၁၅၉၃ (နောက်တွင် "အငှား စာချုပ်ရသူ" ဟု ရည်ညွှန်းသည်။) တို့၊ ၁၃၅၇ ခုနှစ်၊ တပေါင်း လဆန်း/လဆုတ် ၅ ရက်နေ့၊ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၂ ရက်) တွင် အောက်ပါအတိုင်း မြေငှားစာချုပ်-ချုပ်ဆိုကြသည်။

အငှား စာချုပ်သူက-နောက်တွင် သတ်မှတ်ထားသည့် မြေငှားခကို ပေးဆောင်ရန် သဘောတူသောကြောင့် လည်းကောင်း၊ နောက်တွင်ပါရှိသော ပဋိညာဉ်ချက်များကို ပြုသောကြောင့်လည်းကောင်း၊ နောက်တွင်ပါဖော်ပြထားသော မြေကွက်အားလုံးကိုထိုမြေကွက်နှင့် သက်ဆိုင်သော ပိုင်ဆိုင်ခွင့်များ၊ ဝင်-ထွက် သွားလာနိုင်ခွင့် စသော သက်သာခွင့်များနှင့် အခြားအခွင့်အရေးများနှင့်တကွ အငှားချထားသူက အငှားစာချုပ်ရသူအား ဤစာချုပ်ဖြင့် အငှားချထားသည်။ အဆိုပါမြေကွက်အတွင်း မြေပေါ်မြေအောက်ရှိ သတ္တုတွင်းများ၊ တတ်သတ္တုပစ္စည်းများ၊ မြေမြှုပ်အဖိုးတန်ပစ္စည်းများ၊ ကျောက်မီးသွေး၊ ရေနံနှင့် ကျောက်မိုင်း (Quarries) မသည်တို့သည်ဤစာချုပ်ဖြင့် အငှားချထားခြင်း၌ မပါဝင်ချေ။ ထိုသို့ မှားယွင်းတူးဖော်မှု၊ အသုံးပြုမှု၊ သယ်ဆောင်မှု၌ အဆိုပါမြေကွက်၏ မျက်နှာပြင်ကိုနောက်ယှက်ပျက်စီးစေခဲ့လျှင်၊ အငှားစာချုပ်ရသူအားသင့်တော်သော လျော်ကြေးကို အငှားချထားသူက ပေးရမည်။ ထိုလျော်ကြေးနှင့် စပ်လျဉ်း၍ အငြင်းဖြစ်ပွားခဲ့သော လျော်ကြေးကို ဟည့်ဆဲမြေသိမ်း အက်ဥပဒေ၏ သို့တည်းမဟုတ် မည်သည့်ဥပဒေများ၏ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရမည်။

ထို့ကြောင့် ဤစာချုပ်-ချုပ်ဆိုသည့် ၂၂.၂.၁၉၉၆ နေ့မှစ၍ နှစ်ပေါင်း ခြောက်ဆယ်ကာလ အပိုင်းအခြားအတွက် လက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

နှစ်ပေါင်း ခြောက်ဆယ် မြေငှားစာချုပ် ကာလပြီးဆုံးမည့်နေ့ ၂၀၅၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့၌ကုန်ဆုံးသည့် ပထမ ခြောက်ဆယ်နှစ်အတွက် မြေငှားခ ၄၁၄- ပြား -- (ကျပ်လေးရာတစ်ဆယ့်လေး --) တိတိကို ဇန်နဝါရီလ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇန်နဝါရီလ ၁-ရက်နေ့တွင် လည်းကောင်း၊ ဧပြီလ ၁-ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဧပြီ ၁-ရက်နေ့တွင် လည်းကောင်း၊ ဇူလိုင်လ -၁ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇူလိုင်လ ၁-ရက်နေ့တွင် လည်းကောင်း၊ အောက်တိုဘာလ ၁-ရက်နေ့မှစသည့် သုံးလပတ်အတွက် အောက်တိုဘာလ ၁-ရက်နေ့တွင်လည်းကောင်း ကြိုတင် ပေးဆောင်ရမည်။ အဆိုပါနှစ်ခြောက်ဆယ်ကာလ အပိုင်းအခြား၏ ဒုတိယ သုံးဆယ့်ငါးနှစ်နှင့်တတိယတစ်ဆယ့်ငါးနှစ်စသည်တို့တွင် တစ်ဆယ့်ငါးနှစ်အတွက်အပိုဒ် ၃-တွင်ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့်မြေငှားခများကို အငှားစာချုပ်ရသူက ပေးဆောင်ရမည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အပိုဒ် ၂–အရ၊ ဤစာချုပ်ကို ပယ်ဖျက်ကြောင်း နို့တစ်စာကို အငှားချထားသူက မိမိ သင့်လျော်သည်ဟု ထင်မြင်သည့် နည်းလမ်းအတိုင်း အငှားဂရန် ရသူ၏ နောက်ဆုံး သိရှိရသော လိပ်စာတပ်ပြီး ရေစစ္စတြီပြုလုပ်၍ စာပို့တိုက်မှ ပေးပို့နိုင်သည်။ သို့တည်းမဟုတ် ဆိုခဲ့သည့်အတိုင်း လိပ်စာတပ်၍ နို့တစ်စာကို အဆိုပါမြေကွက်၊ အဆောက်အအုံ စသည့် ပစ္စည်းများ၏ ထင်ရှား၍ လူအများမြင်သာသောနေရာတွင် ကပ်ထားနိုင်သည်။ အဆိုပါ နို့တစ်စာကိုပြဆိုသည့်နည်းလမ်းအတိုင်းပို့ခြင်း၊ ကပ်ထားခြင်း ပြုလုပ်ပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း အငှားစာချုပ် ရသူက အဆိုပါ ညွှန်ကြားရေးမှူးချုပ်အား မပြေကျန်ရှိနေသေးသော မြေငှားခကို ဤစာချုပ်ပယ်ဖျက်ခြင်း သို့တည်းမဟုတ် အဆိုပါမြေကွက် ပြန်လည်သိမ်းယူခြင်း၊ သို့တည်းမဟုတ် အဆိုပါမြေကွက်ကို ပြန်လည် အငှားချထားခြင်းနှင့် စပ်လျဉ်း၍ အငှားချထားသူက ကုန်ကျသောစရိတ် အားလုံးနှင့်တကွ အဆိုပါ ညွှန်ကြားရေးမှူးချုပ်သို့ ပေးဆောင်လျှင်သော်လည်းကောင်း၊ အခြားပဋိညာဉ်ခံချက် တစ်ခုခုနှင့် စပ်လျဉ်း၍ ဖျက်ကွက်သည့်အတွက် နစ်နာမှုကို ပပျောက်စေရန် အဆိုပါ ညွှန်ကြားရေးမှူးချုပ် ကျေနပ်လောက်အောင် ဆောင်ရွက်လျှင် လည်းကောင်း အငှားချထားသူက ဤစာချုပ်ပါ ပဋိညာဉ်ခံချက်များအတိုင်း နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား၏ ကျန်ရှိနေသေးသော ကာလအဖို့ အဆိုပါမြေကွက်နှင့် ပြန်လည် သိမ်းယူသည့်အချိန်တွင် ထိုမြေကွက်ပေါ်၌တည်ရှိနေသော အဆောက်အအုံ၊ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို လက်ရှိ ထားနိုင်စေခြင်းငှာ အငှားစာချုပ်ရသူအား ပြန်လည်ပေးအပ်ရန်။ သို့ရာတွင် မီးကြောင့်သော်လည်းကောင်း၊ အခြား အကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးရသည့် အဆောက်အအုံ သို့တည်းမဟုတ် ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အငှားချထားသူ၌ တာဝန်မရှိသည့်အပြင် ယင်းသို့ ပြန်လည်သိမ်းယူ သည့်အခါက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှုထမ်းများ သို့တည်းမဟုတ် ကိုယ်စားလှယ်များ၏ ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် ဆုံးရှုံးပျက်စီးခြင်းအတွက်မှတစ်ပါး အဆိုပါမြေကွက် ပေါ်တွင် ဖြစ်စေ၊ အထဲတွင်ဖြစ်စေ တည်ရှိသော အဆောက်အအုံနှင့် အခြားပစ္စည်းများ၏ တန်ဖိုးယုတ်လျော့ခြင်း၊ ပြုပြင်မှုကင်းမဲ့ခြင်း၊ သို့တည်းမဟုတ် ပျက်ဆီးယိုယွင်းခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ တာဝန်မရှိစေရန်။

(ခ) အပိုဒ် ၂–အရ၊ ဤစာချုပ်ကိုပယ်ဖျက်ပြီး မဟုတ်လျှင်လည်းကောင်း၊ အငှားစာချုပ်ရသူက နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား ကုန်ဆုံးသည်အထိ အဆိုပါမြေငှားခကိုပြေလည်အောင် ပေးဆောင်၍ ဤစာချုပ်ပါမိမိပြုလုပ်သည့် ပဋိညာဉ်ခံ ချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်လည်းကောင်း အငှားစာချုပ်ရသူသည် အဆိုပါမြေကွက်ပေါ်တွင် တည်ဆောက်တွယ်ကပ် ထားသောအဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အဆိုပါကာလအပိုင်းအခြားမကုန် မီ ခြောက်လအတွင်း ဖျက်သိမ်းသယ်ယူ ခန့်ခွဲနိုင်သည်။ သို့ရာတွင် ထိုသို့ သယ်ယူခြင်းကြောင့် အဆိုပါမြေကွက်ပျက်စီးယိုယွင်းခဲ့ လျှင် ထိုမြေကွက်ကိုမူလအခြေအနေအတိုင်းရှိအောင် ပြုပြင်ပေးရန်။

(ဂ) (၂၀၁၁) ခုနှစ်၊ ဖေဖော်ဝါရီ လ၊ (၂၁) ရက်နေ့မှစ၍ ပထမတဆယ့်ငါးနှစ် ကုန်ဆုံး သည့်အခါ ဒုတိယတဆယ့်ငါးနှစ်အတွက် ရန်ကုန်စည်ပင်သာယာရေး မြေနည်းဥပဒေ ၂၄–အရ စည်းကြပ်သော သုံးလပတ်မြေငှားခကို လည်းကောင်း၊ ဒုတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ တတိယတဆယ့်ငါးနှစ်အတွက် အဆိုပါ နည်းဥပဒေ ၂၄–အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ တတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ စတုတ္ထတဆယ့် ငါးနှစ်အတွက် အဆိုပါနည်းဥပဒေ ၂၄–အရ စည်းကြပ်သောသုံးလပတ်မြေငှားခကိုလည်းကောင်း အငှားစာချုပ်ရသူက အငှားချထားသူအား ပေးဆောင်ရန်။ အကယ်၍ အထက်ပါနည်းလမ်းအတိုင်း မြေငှားခကိုပြန်လည်စည်းကြပ်ခြင်းမပြုလျှင် အငှားစာချုပ်ရသူသည် ဤအပိုဒ်ခွဲတွင်ပြဌာန်းထား သည့်နည်းလမ်းအတိုင်း မြေငှားခကိုပြောင်းလဲခြင်းမပြုမီ သတ်မှတ်ထားသည့် စည်းကြပ်ဆဲသုံးလပတ်မြေငှားခကို ဆက်လက်ပေး ဆောင်ရန်။

